# ဝေးလေ ဝေးလေ... နီးသူရေ....
# နီးလေ နီးလေ... ဝေးသူရေ...

(ဒုတိယအကြိမ်)



# စာရေးသူ၏ ရင်တွင်းစကား

ကျွန်မသည် နှလုံးသားကို စေ့ဆော်မှုတစ်ခုခု ရရှိမှ သာ စာရေးတတ်သည် ။ ဝတ္ထုတို အများ ဆုံး ရေးဖွဲ့ဖြစ်သည် ။ ဆောင်းပါး အနည်းငယ် ရေးသည် ။ လုံးချင်း ဝတ္ထုရှည်များကို ရေးရန် အာသီသ ရှိသော်လည်း သခင်ရှားသောကြောင့် အရေးမများ ဖြစ်ခဲ့ပါ။

မိမိ၏ နှလုံးသားဆန္ဒဖြင့် ပထမဆုံးရေးသားသော ဝတ္ထုရှည်ဖြစ်သည့် 'သုံးပန်လှ သက်လှယ်' အမည်ရ ဝတ္ထုရှည်စာမူကို ကိုင်ပြီး ပိုင်ရှင်မဲ့ နေစဉ် ဆရာရေနံ့သာ မောင်ကျော်ညွှန့်၏ ကူညီ တိုက်တွန်းမှုကြောင့် ပခုက္ကူဦးအုံးဖေ ဝတ္ထုရှည်စာမူဆု ဝင်ပြိုင်သည် ။ ပထမဆု ရသည် ။ စာပေဗိမာန် ခွင့်ပြုချက်ဖြင့် ဂုဏ်ထူးစာပေက ပထမအကြိမ် စာအုပ် ထုတ်ဝေခဲ့သည် ။

နှစ်ကာလ များ စွာအတွင်း လုံးချင်းဝတ္ထုရှည်များ ရေးရန် ခင်မင်သူများက တိုက်တွန်းကြသည် ။ အထူးတိုက်တွန်းသူမှာ ကျွန်မက လေးစား ချစ်ခင်သော စာရေးဆရာကြီး သိန်းသန်းထွန်း ဖြစ်ပါသည် ။ ဆရာကြီးသည် ကျွန်မ၏ သက်ရှိ စာပေ ဘဏ်တိုက်ကြီးလည်း ဖြစ်သည် ။ သက်ရှိရှေးဟောင်း ကျောက်စာတိုက်ကြီးလည်း ဖြစ်သည် ။ ကဗျာစာအလှ အနုအရွများကို ရေးဖွဲ့ သီးကုံးတတ်ရန် သင်ကြားပေးသူလည်း ဖြစ်သည် ။ ဤဝတ္ထုပါ သမိုင်း အချက်အလက်များ သည် ဆရာကြီးသိန်းသန်းထွန်း၏ ကူညီမှုကြောင့် အသက်ဝင်လာခဲ့သည် ။ သစ်

တောပညာရပ်ဆိုင်ရာ အကြောင်းအရာများကို အစ်ကိုကြီး ဦးဟုတ်လင်း (ညွှန်ကြားရေးမှူး(ငြိမ်း)- သစ်တောဦးစီးဌာန)က အကူအညီ ပေးခဲ့ပါသည် ။ သစ်တောတက္ကသိုလ် ကျောင်းသားများ ၏ ဘဝနှင့် အလေ့အထ၊ အတွေ့အကြုံများကို ခင်ပွန်းဖြစ်သူ ဦးဝင်းမြင့် (လ/ထ ညွှန်ကြားရေးမှူး (ငြိမ်း) သစ်တောဦးစီး)ထံ မေးမြန်း ရေးဖွဲ့ပါသည် ။

ကျွန်မ ကျင်လည်ရသော ပတ်ဝန်းကျင်၊ ဘဝအတွေ့အကြုံ၊ ဗဟု သုတအစုံနှင့် တစ်သက်တာ ဖတ်ရှုလေ့လာခဲ့သော စာပေကျေးဇူး များစွာဖြင့် ယှက်သွယ်ယက်ဖောက် သီကုံးပြီး ဤဝတ္ထုရှည်ကြီးကို စာဖတ်သူ၏ လက်ထဲ အရောက် အပ်နှင်းခဲ့ပါပြီ။

အထူးသဖြင့် မိုးနဲဒေသကို ရောက်တိုင်း ပုဂံမြို့နှင့်မခြား စေတီပုထိုးများ ပြားပြီး သဘာဝဘေးအန္တရာယ်၊ ဒုစရိုက်သမားများ ၏ ဘေးအန္တရာယ် အမျိုးမျိုးမှ တိမ်ကော ပျောက်ကွယ်နိုင်မည့် ရှေးဟောင်း အမွေအနှစ်များ အကြောင်းကို စိုးရိမ်မှုနှင့်အတူ အမိုင်းတစ်ရပ် အနေဖြင့် တင်ပြခဲ့ပါသည် ။ စာဖတ်သူများ အတွက် စေတနာပိုကာ မိုးနဲမြို့ရှိ သမိုင်းဝင် ယဉ်ကျေးမှု ဓာတ်ပုံ မှတ်တမ်းများကိုပါ တင်ပြပေးထားပါသည် ။

ဆရာကြီး သိန်းသန်းထွန်း၏ ကဗျာစာသား တစ်ပိုဒ်ဖြစ်သော ‘ဝေးလေ ဝေးလေ နီးသူရေ... နီးလေ နီးလေ ဝေးသူရေ...’ ကို ကျွန်မဝတ္ထု ခေါင်းစီးအဖြစ် ခွင့်ပြုပေးသော ဆရာကြီးအားလည်း ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင် အပ်ပါသည် ။

ဤဝတ္ထုရှည်နှင့် ပတ်သက်ပြီး စာဖတ်သူများ ထံမှ ဝေဖန် အကြံပြုမှုများကိုလည်း ကြိုဆိုလျက် ရှိပါသည် ။

**စာဖတ်သူအားလုံးကို**

လေးစား ခင်မင်စွာဖြင့်

သျှီ (အင်ကြင်း)

(၃၀- ၄. ၂၀၁၇)

ဖုန်း ၀၉ ၅၂ ၁၃၇၅၄

ဆရာကြီးသိန်းသန်းထွန်း၏ အမှာ စာ

**ဝတ္ထုတိုဆိုတာ**

**‘ အပ်ဖျားရေစက် အနက်သမုဒ္ဒရာ’ပါပဲ။**

**မဟာဝတ္ထုရှည်ကတော့**

**ကောင်းကင်ပြာကြီးပါပဲ။**

**သိန်းသန်းထွန်း**

**(စာရေးဆရာ၊ သမိုင်းသုတေသီ)**

သျှီ(အင်ကြင်း)သည် ဝတ္ထုတိုများ စွာ ရေးသူ ဖြစ်၏။ စာပေဆုများ ရ၏။ ဝတ္ထုတိုဖြင့် ရခြင်း ဖြစ်၏။

‘ဝတ္ထုတိုဘုရင်မလေး’ဟု ပင် ကျွန်တော် ခေါ်ဖူး ရေးဖူး၏။ သူနှင့် အလွန် ရင်းနှီးပါ၏။ သူက စာပေအကြံဉာဏ်များ တောင်းလေ့ရှိ၏။ ဆရာကြီး ဦးနှောက် ဖောက်စားဦးမယ်’ ဟု ရွှန်းရွှန်းပြုံးပြုံး ပြောလေ့ရှိ၏။ သမီးဟု ခေါ်လေ့ရှိ၏။ အဖေဟု ခေါ်လေ့ရှိ၏။ မုန်းစနိုးဖြင့် ‘ခွေးမလေး’ဟု ခေါ်သောအခါ ‘ခွေးမရဲ့ အဖေ’ဟု ရိုင်းစိုင်း စော်ကားကာ အမြီးပေါက် ပေးသည် လည်း ရှိ၏။ ဤမျှဆိုလျှင် သိပ်ရင်းနှီးကြောင်း

ထင်ရှားပါ၏။

'နင် ဝတ္ထုတိုတွေ ရေးတာထက် မဟာဝတ္ထု'ဟု ခေါ်ရမည့် ဝတ္ထုရှည်ကြီးများ ရေးစေချင်သည် ဟု ခဏခဏ ပြောဖူးပါ၏။ ရေးစေချင် သင်ပေးဟု ပြန်ပြောတတ်၏။ နင်ဝတ္ထုတိုတွေ ရေးနေတာ ဘယ်သူမျှ သင်ပေးတာ မဟုတ်ဘူး ။ နင့်အတွေး၊ နင့်အနုပညာ ဖန်တီးမှုနဲ့ ရေးနေတာပဲ။ မဟာဝတ္ထုရေးတာလည်း နင့်အတွေး၊ နင့်အနုပညာ ဖန်တီးမှု၊ သိမ်သိမ်မွေ့မွေ့ နက်နက်ရှိုင်းရှိုင်းနဲ့ ကြိုးပမ်းရင် မဟာဝတ္ထု ဖြစ်သွားမှာ ပဲဟု ပြောပြဖူးပါ၏။

ဝတ္ထုတိုဆိုတာ တိုတိုရှင်းရှင်း၊ ထိထိမိမိနဲ့ နက်ရှိုင်း၊ ကျယ်ပြောတဲ့ ရသသမုဒ္ဒရာကို လက်ခုပ်ထဲ ထည့်ပြသလို ရေးနည်းနဲ့ ရေးတာမျိုးပဲ။

ငါက သိန်းသန်းထွန်း ပုံပြင်များကို ရှုမဝမဂ္ဂဇင်းမှာ အများကြီး ရေးဖူးတယ်။ ပညာရှိတစ်ဦး ပုံပြင်ကို ရေးတဲ့ အခါ 'ပညာရှိစကား အပ်ဖျားရေစက်၊ အနက်သမုဒ္ဒရာ' လို့ ရေးဖူးတယ်။ ဆရာသုခက သူ့ရဲ့ မေတ္တာသုတ်အဖွင့်မှာ စာရေးဆရာတစ်ဦးက 'ပညာရှိစကား အပ်ဖျားရေစက် အနက်သမုဒ္ဒရာ'လို့ ရေးကြောင်း ဖော်ပြခဲ့ဖူးတယ်။

ဝတ္ထုတိုဆိုတာ 'အပ်ဖျားရေစက် အနက်သမုဒ္ဒရာ' ပါပဲ။ မဟာဝတ္ထုရှည်ကတော့ ကောင်းကင်ပြာကြီးပါပဲ။ တိမ်ရောင်စုံတွေ၊ အလှရောင်စုံတဲ့ သက်တန့်တွေ၊ မည်းမှောင်ဟှေ့ယမ်းတဲ့ မုန်တိုင်းတွေ၊ ပန်းအလှရနံ့ သင်းပျံ့တဲ့ လေညင်းတွေ၊ အလွမ်းလေပွေ မွှေ့နေတဲ့ နဂါးငွေ့တန်းတွေ၊ ညှိုးငယ်ရွှင်မြူးရင်း မျက်ရည်သီချင်း၊ မျက်ရည် ငိုချင်းတွေ စုံလင်တဲ့ စကြဝဠာ တိုက်တစ်သောင်းတွေ အဲဒါတွေ စုံလင်စွာ ပါဝင်တဲ့ မဟာ ကောင်းကင်ကြီးပါပဲ။

အဲဒီ ကောင်းကင်ကြီး တစ်ကင် ဖန်တီးပါလို့ သျှီ(အင်ကြင်း)ကို ပြော

ဖူးတယ်။

အခု သျှိ(အင်ကြင်း)က သူ့စာပေ အနုပညာနဲ့ ဝတ္ထုကောင်းကင် တစ်ကင် ဖန်တီးထားတာကို ဖတ်ရှုရပါတယ်။

သူ့ဝတ္ထုထဲမှာ မျက်ရည်သီချင်းကို တဆိုထဲ ဆိုနေတဲ့ မောင်ဝဿန်ကို တွေ့ရပါတယ်။ မျက်ရည်ငိုချင်းကို ညတိုင်းလို ဆိုနေရှာတဲ့ ဦးကျော်စွာကို တွေ့ရပါတယ်။ ကျန်ဇာတ်ကောင် တွေကတော့ ရုပ်ရှင်သာဆိုလျှင် အရန်ဇာတ်ကောင်တွေပဲ ဖြစ်ပါတယ်။

ဝေးလေ ဝေးလေ နီးသူရေ... နဲ့ နီးလေ နီးလေ ဝေးသူရေ... ဘယ်သူတွေလဲလို့ ဖတ်ရှုကြည့်ကြပါ ခင်ဗျား။

သိန်းသန်းထွန်း

(စာရေးဆရာ၊ သမိုင်းသုတေသီ)

၂၈၊ မေ ၂၀၁၇။

နံနက် (၁၀းေ၄၅)ရေး (၁၁၅၆) ပြီး။